## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

### ပရဟိတအဖွဲ့အစည်းများ(Non-Profit Organizations)နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရေးကော်မတီ

# ပရဟိတအဖွဲ့အစည်းများ(Non-Profit Organizations)နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အချိန်အခါအလျောက်အကဲဖြတ်ရေး စံပြုလုပ်ငန်းစဉ်

၂၀၂၆ ခုနှစ်၊ မတ်လ

# မာတိကာ


၁. နိဒါန်း ............................................................ ၁

၂. ရည်ရွယ်ချက် ............................................................ ၂

၃. အကဲဖြတ်ရာတွင်အသုံးပြုမည့်နည်းလမ်း (Assessment Methodology) ............................................................ ၂

၄. ဆောင်ရွက်မည့် အချိန်အခါအလျောက်အကဲဖြတ်ခြင်းလုပ်ငန်း အမျိုးအစားများ ............................................................ ၃

၄.၁ အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်း ............................................................ ၃

၄.၂ ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း ............................................................ ၄

၅. အခါအားလျော်စွာအကဲဖြတ်ခြင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ............................................................ ၅

၅.၁ အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်း ............................................................ ၅

၅.၂ ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း ............................................................ ၇

၆. အချိန်အခါအလျောက်အကဲဖြတ်ခြင်းဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက် ............................................................ ၇

၇. အချိန်အခါအလျောက်အကဲဖြတ်ခြင်းမှ ရရှိသည့်ရလဒ်များအသုံးပြုမှု (Use of Results) ............................................................ ၇

၈. နိဂုံး ............................................................ ၈

## ပရဟိတအဖွဲ့အစည်း(Non-Profit Organization – NPO)များနှင့်စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အချိန်အခါအလျောက်အကဲဖြတ်ရေး စံပြုလုပ်ငန်းစဉ်

### ၁. နိဒါန်း

၁။ မြန်မာနိုင်ငံရှိ ပရဟိတအဖွဲ့အစည်းများ(Non-Profit Organizations)ကဏ္ဍ၌ ရှိနိုင်သည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုများ၊ အားနည်းချက်များနှင့် ယင်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အမြတ်ထုတ်အသုံးချနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်အကဲဖြတ်နိုင်ရန်အလို့ငှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂-၄-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ်(၁/၂၀၂၄)ဖြင့် “ပရဟိတအဖွဲ့အစည်းများ (Non-Profit Organizations) နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရေးကော်မတီ” ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ကော်မတီအနေဖြင့် ကမ္ဘာ့ဘဏ် (World Bank)၏ “Non-Profit Organizations TF Risk Assessment Tool”ကို အခြေခံ၍ “ပရဟိတ အဖွဲ့အစည်း များ(NPO)နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရေး လက်စွဲလမ်းညွှန်ချက်”ကိုပြုစုခဲ့ပြီး ယင်းနှင့်အညီ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအကြံပြုချက်စံနှုန်း အမှတ်(၈)ပါ အကြံပြုချက်နှင့်အညီ FATF ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အတွင်း အကျုံးဝင်သည့် NPO အမျိုးအစားများ ဖော်ထုတ်ခြင်း၊ NPO များ၏ လုပ်ငန်းဆောင်ရွက်မှု သဘောသဘာဝအလိုက် အမျိုးအစားခွဲခြား၍ ဆုံးရှုံးနိုင်ခြေ ဖော်ထုတ်အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဆုံးရှုံးနိုင်ခြေအကဲဖြတ်ချက် အစီရင်ခံစာကို ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့ပါသည်။

၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂-၄-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်အမှတ်(၁/၂၀၂၄)ပါ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ) တွင် “ပရဟိတအဖွဲ့အစည်းများကဏ္ဍနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များကို ရယူပြီး ယင်းကဏ္ဍရှိ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သတ်မှတ်ပုံမှန်ကာလအတွင်း ပြန်လည်အကဲဖြတ်ခြင်း” ဟု ပါရှိ ပါသည်။ သို့ဖြစ်ရာ ကော်မတီအနေဖြင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်းလုပ်ငန်းစဉ်မှ ဖော်ထုတ်ရရှိခဲ့သည့် ဆုံးရှုံးနိုင်ခြေများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိစေရန်အတွက် အချိန်အခါအလျောက်အကဲဖြတ်ရေးလုပ်ငန်းစဉ်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂. ရည်ရွယ်ချက်

၄။ ဤစံပြုလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ ကော်မတီ၏ တာဝန်ဝတ္တရားဖြစ်သည့် ပရဟိတအဖွဲ့အစည်း(NPO)ကဏ္ဍအတွင်းရှိ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရွားနိုင်ခြေများနှင့် စပ်လျဉ်း၍ အချိန်အခါအလျောက်အကဲဖြတ်ခြင်းကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ဖြစ်ပါသည် -

(က) ဆိုးရွားနိုင်ခြေအခြေပြုဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အချိန်ဇယားများဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊

(ခ) ကမ္ဘာ့ဘဏ် (World Bank) ၏ အကဲဖြတ်မှုနည်းလမ်းကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပရဟိတအဖွဲ့အစည်းများရှိ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆိုးရွားနိုင်ခြေအကဲဖြတ်ရေး လုပ်ငန်းစဉ်မှ ဖော်ထုတ်ရရှိသည့် ဆိုးရွားနိုင်ခြေများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိနေစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်။

(ဂ) ပြောင်းလဲလာသည့် ဆိုးရွားနိုင်ခြေများကို အချိန်မီ သိရှိနိုင်စေရန်နှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)၏ အကြံပြုချက်အမှတ်(၈)ပါ စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိစေရန်။

(ဃ) အချိန်အခါအလျောက် အကဲဖြတ်ခြင်းမှ ထွက်ပေါ်လာသော ရလဒ်များကို NPO ကဏ္ဍအပေါ် ဆောင်ရွက်မည့် ကြီးကြပ်မှု၊ အသိပညာပေးမှု၊ မူဝါဒနှင့် ဥပဒေသုံးသပ်ပြင်ဆင်မှုများအတွက် အသုံးချနိုင်စေရန်။

## ၃. အကဲဖြတ်ရာတွင်အသုံးပြုမည့်နည်းလမ်း (Assessment Methodology)

၅။ ကော်မတီအနေဖြင့် အချိန်အခါအလျောက်အကဲဖြတ်ခြင်း ဆောင်ရွက်ရာတွင် ယခင်ဆောင်ရွက်ခဲ့သည့် ပရဟိတအဖွဲ့အစည်း(NPO)များနှင့် စပ်လျဉ်းသည့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆိုးရွားနိုင်ခြေအကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုခဲ့သည့် အကဲဖြတ်မှုနည်းလမ်းနှင့် ဆိုးရွားနိုင်ခြေညွှန်းကိန်း (Indicators)များကို အသုံးပြုမည် ဖြစ်ပါသည်။

၆။ အချိန်အခါအလျောက်အကဲဖြတ်ခြင်း ဆောင်ရွက်ရာတွင် နောက်ဆုံးဆောင်ရွက်ခဲ့သည့် အကဲဖြတ်ခြင်းလုပ်ငန်းနောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ဆိုးရွားနိုင်ခြေများ၏ ပြောင်းလဲမှုများ၊ လားရာများ၊ တိုးတက်မှုများကို အလေးထားဖော်ထုတ်အကဲဖြတ်မည် ဖြစ်ပါသည်။ အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် စုဆောင်းရရှိသည့် သတင်းအချက်အလက်များ၏ အရေအတွက်နှင့် အရည်အသွေးများ (Quantitative and Qualitative Information) အပေါ် အခြေခံ၍ အကဲဖြတ်

ဆုံးဖြတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ အချိန်အခါအလျောက်အကဲဖြတ်ခြင်း ဆောင်ရွက်ရာတွင် ပရဟိတအဖွဲ့အစည်း(NPO)များကဏ္ဍတွင် ရှိနိုင်သည့် ခြိမ်းခြောက်မှုများ၊ အားနည်းချက်များကို ဖော်ထုတ်ပြီး ဆုံးရှုံးနိုင်ခြေလျော့နည်းကျဆင်းစေရေးဆောင်ရွက်မှုအစီအမံများနှင့် ချိန်ညှိအကဲဖြတ်၍ နောက်ဆုံးကျန်ရှိသည့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Residual Risks)များကို ဖော်ထုတ်မည်ဖြစ်ပါသည်။

## ၄. ဆောင်ရွက်မည့် အချိန်အခါအလျောက်အကဲဖြတ်ခြင်းလုပ်ငန်း အမျိုးအစားများ

၇။ ကော်မတီအနေဖြင့် အချိန်အခါအလျောက်အကဲဖြတ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း အမျိုးအစား နှစ်မျိုးဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်း သို့မဟုတ် ရွေးချယ်သတ်မှတ်၍ ပြန်လည်အကဲဖြတ်ခြင်း (Thematic/Targeted Reassessment)

(ခ) ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း (Comprehensive NPO TF Risk Reassessment)

## ၄.၁ အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်း သို့မဟုတ် ရွေးချယ်သတ်မှတ်၍ ပြန်လည် အကဲဖြတ်ခြင်း

၈။ ကော်မတီအနေဖြင့် အောက်ပါ အခြေအနေနှင့် အချိန်အခါများတွင် အကြောင်းအရာအလိုက်ပြန်လည် အကဲဖြတ်ခြင်း သို့မဟုတ် ရွေးချယ်သတ်မှတ်၍ ပြန်လည်အကဲဖြတ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည် -

(က) ပရဟိတအဖွဲ့အစည်း(NPO)များ ပါဝင်ပတ်သက်မှုရှိသည့် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု မှုခင်းအသစ်များ ဖြစ်ပွားသည့်အခါ၊

(ခ) အောက်ပါအခြေအနေများအပြင် အခြားစပ်ဆိုင်သည့် အခြေအနေများ ပေါ်ပေါက်လာသည့်အခါ -

(၁) ပြည်တွင်းသို့မဟုတ် ဒေသတွင်း၌ကြီးမားသည့်အကြမ်းဖက်မှုများပေါ်ပေါက်ခြင်း။

(၂) ပရဟိတအဖွဲ့အစည်း(NPO)များ ပါဝင်ပတ်သက်မှုရှိသည့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု နည်းပုံစံအသစ်များ ဖော်ထုတ်ရရှိခြင်း။

(၃) ပရဟိတအဖွဲ့အစည်း(NPO)များနှင့် စပ်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်ခြင်း။

(၄) ဆုံးရှုံးနိုင်ခြေမြင့်မားသည့် NPO များ၏ လုပ်ငန်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ မြင့်မားလာခြင်း။

(၅) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)၏ အစီရင်ခံစာ သို့မဟုတ် အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia-Pacific Group on Money Laundery – APG) က ထုတ်ပြန်သည့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှုအစီရင်ခံစာ (Mutual Evaluation Report)နှင့် နောက်ဆက်တွဲအစီရင်ခံစာ (Follow-up Report)များတွင် ပရဟိတအဖွဲ့အစည်း (NPO)များနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ဖော်ပြချက်များ ပါဝင်လာခြင်း။

(၆) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)၏ အစီရင်ခံစာများ အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် (Suspicious Transaction Report – STR)လက်ခံ စိစစ်မှုအခြေအနေများ သိသာစွာမြင့်တက်လာခြင်း။

(၇) တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များအရ ပရဟိတအဖွဲ့အစည်း(NPO)များပါဝင်ပတ်သက်မှုရှိသည့် အကြမ်းဖက်မှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲတင်ခြင်းများ မြင့်မားလာခြင်း။

## ၄.၂ ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း

၉။ ကော်မတီအနေဖြင့် ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်းလုပ်ငန်းကို အောက်ပါ အခြေအနေနှင့်အချိန်အခါများတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) သုံးနှစ်လျှင် တစ်ကြိမ် ဆောင်ရွက်ခြင်း သို့မဟုတ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ထားသည့် ကာလအတွင်း ဆောင်ရွက်ခြင်း။

(ခ) အကြောင်းအရာအလိုက် ပြန်လည်အကဲဖြတ်ခြင်းသို့မဟုတ် ရွေးချယ်သတ်မှတ်၍ ပြန်လည်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်ပါ ဖော်ထုတ်တွေ့ရှိချက်များကို အခြေခံ၍ ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် ကဏ္ဍတစ်ခုလုံးအပေါ် ပြန်လည် အကဲဖြတ်ရန် ဆုံးဖြတ်ခြင်း။

(ဂ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အမိန့် ညွှန်ကြားချက်ထုတ်ပြန်၍ အကဲဖြတ်ခြင်းဆောင်ရွက်ရန် သတ်မှတ်တာဝန်ပေးအပ်ခြင်း။

## ၅. အချိန်အခါအလျောက်အကဲဖြတ်ခြင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

### ၅.၁ အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်း

၁၀။ ကော်မတီအနေဖြင့် အကြောင်းအရာအလိုက်ပြန်လည်အကဲဖြတ်ခြင်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ်(၅) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည် -

(က) **အဆင့်(၁) ကော်မတီအစည်းအဝေးပြုလုပ်ခြင်း။** ကော်မတီအနေဖြင့် အပိုဒ်(၈) ပါ အခြေအနေများပေါ်ပေါက်လာပါက ဆောင်ရွက်ရမည့် အချိန်အခါအလျောက် အကဲဖြတ်ခြင်းလုပ်ငန်းအမျိုးအစားများကို ကော်မတီညှိနှိုင်း အစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်မည်ဖြစ်ပါသည်။

(ခ) **အဆင့်(၂) သတင်းအချက်အလက်ကောက်ယူစုဆောင်းခြင်း။** ကော်မတီအနေဖြင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများထံမှ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် အောက်ပါ အချက်အလက်များအပြင် အခြားစပ်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းမည်ဖြစ်ပါသည် -

(၁) မှတ်ပုံတင်ထားသည့် ပရဟိတအဖွဲ့အစည်း(NPO) အရေအတွက်နှင့် အမျိုးအစားများ၊

(၂) ပရဟိတအဖွဲ့အစည်း(NPO)များနှင့် စပ်ဆိုင်သည့် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်အရေအတွက်များ၊

(၃) ပရဟိတအဖွဲ့အစည်း(NPO)များနှင့်စပ်ဆိုင်သည့် အကြမ်းဖက်မှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု၊ တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှုအချက်အလက်များ၊

(၄) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများက ထုတ်ပြန်သည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ နည်းပုံစံအသစ်များပါဝင်သည့် အစီရင်ခံစာများ၊ ပရဟိတအဖွဲ့အစည်း(NPO)များအပေါ် ကြီးကြပ်ဆောင်ရွက်မှု အစီရင်ခံစာများ၊

(၅) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်သည့် အသိပညာပေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရလဒ်အစီရင်ခံစာများ။

(ဂ) **အဆင့်(၃) ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း။** ကော်မတီအနေဖြင့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည် -

(၁) **ပြောင်းလဲမှုများကိုဖော်ထုတ်ခြင်း။** စုဆောင်းရရှိသည့် သတင်းအချက်အလက်များကို ယခင်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် ဖော်ထုတ်ရရှိသည့် အကဲဖြတ်ချက်

များနှင့် နှိုင်းယှဉ်၍ အကြမ်းဖက် မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုများတိုးမြင့်လာခြင်း၊ လျော့နည်းသွားခြင်း၊ မူလအတိုင်း ရှိနေခြင်း ရှိ မရှိ ပြောင်းလဲမှုများကို ဖော်ထုတ်အကဲဖြတ်ခြင်း၊ အားနည်းချက်များအသစ်ပေါ်ပေါက်လာခြင်း ရှိ မရှိ အကဲဖြတ်ခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(၂) **ဆိုးရွားနိုင်ခြေလျော့နည်းစေရေးဆောင်ရွက်မှုများကိုအကဲဖြတ်ခြင်း။** ယခင်ဆိုးရွားနိုင်ခြေအကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်ပြီး နောက်ပိုင်း ဆောင်ရွက်သည့် ဆိုးရွားနိုင်ခြေလျော့နည်းကျဆင်းစေမည့် အစီအမံများ၏ ထိရောက်မှုကို အကဲဖြတ်ခြင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ၎င်းတွင် ဆိုးရွားနိုင်ခြေ အခြေပြုကြီးကြပ်မှုနှင့် စောင့်ကြည့်မှု လုပ်ငန်းများ၊ ဆိုးရွားနိုင်ခြေလျော့နည်းကျဆင်းစေရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အသိပညာဖြန့်ဝေမှုလုပ်ငန်းများ၏ ထိရောက်မှုကို အကဲဖြတ်ခြင်းများ ပါဝင်ပါသည်။

(၃) **ဆိုးရွားနိုင်ခြေအဆင့်များကို နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ခြင်း။** မူလဆောင်ရွက်ခဲ့သည့် ဆိုးရွားနိုင်ခြေအကဲဖြတ်ခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့သည့် အဆင့်သတ်မှတ်သည့်နည်းလမ်းများကို အသုံးပြု၍ ပရဟိတအဖွဲ့အစည်း(NPO)အမျိုးအစားအလိုက် သို့မဟုတ် NPO ကဏ္ဍတစ်ခုလုံးအပေါ် ဆိုးရွားနိုင်ခြေအဆင့်များ ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်မည် ဖြစ်ပါသည်။ ဆိုးရွားနိုင်ခြေအဆင့် (Risk level) ပြောင်းလဲမှုများကို ယခင် ဆောင်ရွက်ခဲ့သည့် အကဲဖြတ်ချက်ရလဒ်(Based Line)နှင့် နှိုင်းယှဉ်၍ မှတ်တမ်းတင်မည်ဖြစ်ပါသည်။ ဆိုးရွားနိုင်ခြေအဆင့်မြင့်သည်(High risk) သို့ ပြောင်းလဲသည့် ပရဟိတအဖွဲ့အစည်း (NPO) အမျိုးအစားများကို သီးသန့်ဖော်ပြသွားမည်ဖြစ်ပါသည်။

(ဃ) **အစီရင်ခံစာထုတ်ပြန်ခြင်း။** ကော်မတီအနေဖြင့် ပြန်လည်အကဲဖြတ်ခြင်းဆောင်ရွက်ထားသည့် လုပ်ငန်းများနှင့် အကဲဖြတ်ရလဒ်များကို ရှင်းလင်းစွာဖော်ပြထားသည့် အချိန်အခါအလျောက်ပြန်လည်အကဲဖြတ်ခြင်း အစီရင်ခံစာ (Periodic NPO TF Risk Assessment Report) ကို ပြုစု၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူပြီး ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ ယင်းအစီရင် ခံစာတွင် နောက်ခံအကြောင်းအရာ၊ ရည်ရွယ်ချက်၊ ယခင်အကဲဖြတ်ချက်ရလဒ်များ၊ ပြောင်းလဲလာသည့်အခြေအနေများ၊ ဆိုးရွားနိုင်ခြေလျော့နည်းစေရေး ဆောင်ရွက်မှု

အစီအမံများ၏ ထိရောက်မှုများ၊ အသစ်ဖော်ထုတ်တွေ့ရှိရသည့် ဆုံးရှုံးနိုင်ခြေများနှင့် အားနည်းချက်များ၊ ခြုံငုံသုံးသပ်ချက်များ ပြည့်စုံစွာဖော်ပြမည် ဖြစ်ပါသည်။

## ၅.၂ ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း

၁၁။ ကော်မတီအနေဖြင့် ကဏ္ဍတစ်ခုလုံးအပေါ် ပြန်လည်အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်၏ အကဲဖြတ်မှုနည်းလမ်းကို အခြေခံ၍ ကော်မတီက ထုတ်ပြန်ထားသည့် ဆုံးရှုံးနိုင်ခြေ အကဲဖြတ်မှုလက်စွဲအသုံးပြု၍ အကဲဖြတ်ဖော်ထုတ်သွားမည်ဖြစ်ပါသည်။

## ၆. အချိန်အခါအလျောက်အကဲဖြတ်ခြင်းဆောင်ရွက်မည့် အချိန်ကာလသတ်မှတ်ချက်

၁၂။ ကော်မတီအနေဖြင့် အချိန်အခါအလျောက်အကဲဖြတ်ခြင်း လုပ်ငန်းများကို အောက်ပါအတိုင်း ကာလသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | တာဝန်ခံဌာန | အချိန်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | အခြေခံ NPO TF အကဲဖြတ်ခြင်း | ကော်မတီ | ဆောင်ရွက်ပြီး |
| ၂ | ကော်မတီအစည်းအဝေးပြုလုပ်ခြင်း | ကော်မတီ | လိုအပ်သလိုဆောင်ရွက်ခြင်း |
| ၃ | အကြောင်းအရာအလိုက်အကဲဖြတ်ခြင်း | ကော်မတီ | လိုအပ်သလိုဆောင်ရွက်ခြင်း |
| ၄ | ကဏ္ဍတစ်ခုလုံးအပေါ်ပြန်လည်အကဲဖြတ်ခြင်း | ကော်မတီ | ၃ နှစ်လျှင် တစ်ကြိမ် |
| ၅ | ကြားကာလထိရောက်မှုကို ပြန်လည်သုံးသပ်ခြင်း | ကော်မတီ | ၂ နှစ်လျှင် တစ်ကြိမ် |

၁၃။ ကော်မတီအနေဖြင့် အကြောင်းအရာအလိုက်အကဲဖြတ်ခြင်းကို အောက်ပါအတိုင်း ကာလသတ်မှတ်၍ ဆောင်ရွက်မည်ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာအလိုက်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် | တာဝန်ခံအဖွဲ့ | အချိန်ကာလ |
|---|---|---|---|
| ၁ | သတင်းအချက်အလက်စုဆောင်းခြင်း | အတွင်းရေးမှူးရုံးအဖွဲ့ | ၂ လ |
| ၂ | ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်း | ကော်မတီ | ၁ လ |
| ၃ | အစီရင်ခံစာပြုစုခြင်း | အတွင်းရေးမှူးရုံးအဖွဲ့ | ၁ လ |
| ၄ | ကော်မတီအစည်းအဝေးဖြင့်သုံးသပ်ခြင်း | ကော်မတီ | ၂ ပတ်ခန့် |
| ၅ | ဗဟိုအဖွဲ့ထံအတည်ပြုချက်ရယူခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း | အတွင်းရေးမှူးရုံးအဖွဲ့ | ၂ ပတ်ခန့် |

## ၇. အချိန်အခါအလျောက်အကဲဖြတ်ခြင်းမှ ရရှိသည့်ရလဒ်များအသုံးပြုမှု (Use of Results)

၁၄။ အချိန်အခါအလျောက်အကဲဖြတ်ခြင်းမှ ရရှိသည့် ရလဒ်များကို အောက်ပါလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသို့ ဖြန့်ဝေသွားမည်ဖြစ်ပါသည်-

(က) ဆုံးရှုံးနိုင်ခြေ အခြေပြု ကြီးကြပ်စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း

(Risk-based Supervision & Monitoring)

( ခ ) တိကျသည့် ပစ်မှတ်ထား ပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း

( Targeted outreach and awareness programs)

( ဂ ) NPO ဆိုင်ရာ လမ်းညွှန်ချက်များ ပြင်ဆင်ထုတ်ပြန်ခြင်း

(ဃ) ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရန် လိုအပ်ပါက အကြံပြုတင်ပြခြင်း

## ၈. နိဂုံး

၁၅။ ကော်မတီအနေဖြင့် ပရဟိတအဖွဲ့အစည်း(NPO)များနှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို အချိန်အခါအလျောက် ပြန်လည်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် သက်ဆိုင်သောစာရွက်စာတမ်းများ၊ အချက်အလက်များ၊ ခွဲခြမ်းစိတ်ဖြာချက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် အစီရင်ခံစာများအားလုံးကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေ (The Myanmar Official Secrets Act, 1923) နှင့်အညီ ကော်မတီအတွင်းရေးမှူးအဖွဲ့က လုံခြုံစွာ ထိန်းသိမ်းထားမည် ဖြစ်ပါသည်။

၁၆။ ဤ ပရဟိတအဖွဲ့အစည်းများ(Non-Profit Organizations)နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အချိန်အခါအလျောက်အကဲဖြတ်ရေး စံပြုလုပ်ငန်းစဉ်ကို ကာလအလိုက် ပြန်လည်သုံးသပ်ရမည် ဖြစ်ပြီး ဥပဒေမူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများ၊ FATF စံနှုန်းများ၊ APG လမ်းညွှန်ချက်များ သို့မဟုတ် ပြောင်းလဲလာသည့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လိုအပ်သလို ပြင်ဆင်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

**ပရဟိတအဖွဲ့အစည်းများ(Non-Profit Organizations)နှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ရေးကော်မတီ**

စာအမှတ်၊ ၄၃၇၂ ( ၁၅ ) / ၁၄ - ၀၃ / ဦး ၄

ရက် စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ် လ ၁၀ ရက်

**ဖြန့်ဝေခြင်း**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

ကော်မတီအဖွဲ့ဝင်များအားလုံး